## Asia Golden Glory Development Company Limited တွင် အစုရှယ်ယာများ လွှဲပြောင်းရယူမှုအား ရပ်စဲခြင်း

ဖတ်(စ်) မြန်မာအင်ဗက်(စ်) မဲ့(န်) ကုမ္ပဏီ လီမိတက် ("ကုမ္ပဏီ"နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီများ၊ "ကုမ္ပဏီ အုပ်စု" ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၁၇ ခုနှစ်၊မေလ (၅) ရက်နေ့တွင် Asia Golden Glory Development Company Limited ၏ အစုရှယ်ယာများအား ဝယ်ယူခြင်း သဘောတူစာချုပ်နှင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်နေ့တွင် Asia Golden Glory Development Company Limited ၏ အစုရှယ်ယာဝယ်ယူမှု နောက်ဆုံးအခြေအနေ ကြေညာချက်များကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကြေညာချက်များ၏ နောက်ဆက်တွဲအဖြစ် ယခုကြေငြာချက်ကို ထုတ်ပြန်ခြင်းဖြစ်ပြီး ယခုကြေငြာချက်ပါ စကားရပ်များသည် ယခင်ကြေငြာချက်ပါ စကားရပ်များအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ပါသည်။

အဆိုပါကြေညာချက်များ ထုတ်ပြန်ပြီးသည့် နောက်တွင် သဘောတူစာချုပ်ပါ ဖြည့်ဆည်းရမည့် အချက်များအား သတ်မှတ်ထားသည့်နေ့ရက်တိုင် ပြီးစီးခြင်းမရှိသည့်အပြင် ဒုတိယအကြိမ် သက်တမ်းတိုးအတည်ပြုထားသည့် နေ့ရက်တိုင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် ဖတ်(စ်) မြန်မာအင်ဗက်(စ်)မဲ့(န်) ကုမ္ပဏီ နှင့် Asia Golden Glory Development Company Limited တို့ အနေဖြင့် နှစ်ဘက်သဘောတူညီမှုဖြင့် အစုရှယ်ယာများအားဝယ်ယူခြင်းသဘောတူစာချုပ်ကို ယနေ့မှစ၍ ရပ်စဲလိုက်သည်။ ထို့အတူ သဘောတူစာချုပ်နှင့် ဆက်စပ်လျက်ရှိသည့် ရေနီ စက်မှုဇုန် ဖွံ့ဖြိုးရေး စီမံကိန်း တွင်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း ရပ်စဲမည်ဖြစ်ပါသည်။

ယခုကဲ့သို့ သဘောတူစာချုပ်ကို ရပ်စဲလိုက်သည့် အတွက် FMI ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုအပေါ်တွင် ပြောင်းလဲမှု တစုံတရာ ရှိမည်မဟုတ်ကြောင်းကိုလည်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အလုပ်အမှုဆောင်ဒါရိုက်တာ
၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်

First Myanmar Investment Co., Ltd.
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm